# ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင်ဥပဒေ

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့် ဘာသာပြန်ကော်မရှင် ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

## ကော်မရှင်ဖွဲ့စည်းပုံ

၂။ ။(၁) အစိုးရသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာပေပြုစုရေးနှင့်ဘာသာပြန်ကော်မရှင်ဟုခေါ်တွင်သည့် ကော်မရှင်တခုကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ဖွဲ့စည်းရမည်။ ထိုကော်မရှင်မှာ မိမိအား ဤဥပဒေဖြင့်၎င်း၊ ဤဥပဒေအရပြုသည့် နည်းဥပဒေများဖြင့်၎င်း၊ ပေးအပ်ထားသည့်အာဏာများနှင့် တာဝန်ဝတ်တရားများကို အထမြောက်အောင်သုံးစွဲဆောင်ရွက်ရန်တာဝန်ရှိရမည်။

(၂) ကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်ရမည်—

(က) ပညာရေးဌာနတာဝန်ခံ—ဥက္ကဋ္ဌ။

(ခ) အစိုးရခန့်ထားသည့်—ဒုတိယဥက္ကဋ္ဌ။

(ဂ) ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။

(ဃ) ပါမောက္ခချုပ်၊ မန္တလေးတက္ကသိုလ်—အဖွဲ့ဝင်။

(င) ပညာညွှန်ကြားရေးဝန်—အဖွဲ့ဝင်။

(စ) ပေါ်လီစီညွှန်ကြားရေးဝန်၊ ယဉ်ကျေးမှုဌာန—အဖွဲ့ဝင်။

(ဆ) ပေါ်လီစီညွှန်ကြားရေးဝန်၊ ပြန်ကြားရေးဌာန—အဖွဲ့ဝင်။

(ဇ) ညွှန်ကြားရေးဝန်၊ ယဉ်ကျေးမှုဝိမာန်၊ ယဉ်ကျေးမှုဌာန—အဖွဲ့ဝင်။

(ဈ) အယ်ဒီတာချုပ်၊ဘာသာပြန်ဌာန၊ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။

(ည) ပါမောက္ခ၊အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။

(ဋ) ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။

(ဌ) ပါမောက္ခ၊ ပါဠိဌာန၊ရန်ကုန်တက္ကသိုလ်—အဖွဲ့ဝင်။

(ဍ) ရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(ဎ) ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနမှ ကိုယ်စားလှယ်တဦး—အဖွဲ့ဝင်။

(ဏ) အစိုးရကခန့်ထားသည့် ၁၅ ဦးထက်မများသော ပုဂ္ဂိုလ်များ—အဖွဲ့ဝင်။

(တ) အစိုးရကခန့်ထားသည့် အတွင်းရေးမှူး——အဖွဲ့ဝင်။
(ထ) အစိုးရကခန့်ထားသည့် တွဲဘက်အတွင်းရေးမှူး——အဖွဲ့ဝင်။

### ကော်မရှင်၏တာဝန်ဝတ္တရားများ။

၃။ ။ကော်မရှင်သည်၊ အစိုးရရုံးသုံးစံမြန်မာ အဘိဓါန်တခု အလျင်အမြန် ပေါ်ထွက်လာရေး၊ အစိုးရရုံးသုံးစံမြန်မာ စာရေးထုံးကျမ်း တစောင်ပေါ်ထွက်လာရေး မူလတန်းကျောင်းမှအစ တက္ကသိုလ်အဆုံး၊ အသုံးပြုမည့် ဘာသာမြန် စာအုပ်များ အတွက်လိုအပ်သည့် ဝေါဟာရများပြုစုရေးနှင့်ဝေါဟာရကျမ်းများပေါ်ထွက်လာရေး၊ မူလတန်းကျောင်းမှအစ တက္ကသိုလ်အဆုံး၊ သိပ္ပံပညာ၊ ဆေးပညာ၊ အင်ဂျင်နီယာ ပညာ စသည့် ပညာရပ်တို့ကို မြန်မာဘာသာဖြင့်သင်ကြားပို့ချနိုင်ရေးစသည်တို့အတွက် လိုအပ်မည့် ကျောင်းသုံးစာအုပ်များ၊ ရည်ညွှန်းစာအုပ်များနှင့်ပညာရေးဆိုင်ရာစာ၊နယ်၊ ဇင်းများကို ပြုစုခြင်း၊ ဝေါဟာရ တီထွင်ခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ထုတ်ဝေခြင်းများ နှင့်စပ်လျဉ်း၍၊ အောက်တွင် ဖော်ပြပါရှိသည့် တာဝန်ဝတ်တရားများကို ဆောင်ရွက် ရမည်။

(က) အစိုးရရုံးသုံးစံ အဖြစ် သတ်မှတ်မည့်အောက်ပါကျမ်းများကိုပြုစု ရမည်——

(၁) မြန်မာအဘိဓါန်။

(၂) မြန်မာစာရေးထုံးကျမ်း။

(၃) ဝေါဟာရကျမ်းများ (နိုင်ငံခြား ဝေါဟာရများကို မြန်မာ ဝေါဟာရ အဖြစ်တီထွင်ခြင်း)။

(ခ) တက္ကသိုလ်များနှင့် ပညာရေးဌာနက ပြဋ္ဌာန်းထားသော နိုင်ငံ ခြားဘာသာနှင့် ထုတ်ဝေသည့်စာအုပ်များကိုဖြစ်စေ၊ နိုင်ငံခြား ဘာသာရပ်များဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတွင်ပြုစုသား သော စာအုပ်များကိုဖြစ်စေ၊ မြန်မာဘာသာ ပြန်ဆိုခြင်း၊ သို့ မဟုတ်ပြုစုခြင်းပြုလုပ်ရမည်။

(ဂ) အစိုးရ၏ တောင်းဆိုချက်အရ၊ အပိုဒ် (က) နှင့် (ခ) ပါစာအုပ် များကို၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းပြုလုပ်ရမည်။

(ဃ) အစိုးရက တာဝန်ပေးအပ်ပါလျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အတွက် အကျိုးရှိစေမည့်၊ မည်သည့် နိုင်ငံခြားစာအုပ်များနှင့် ကျမ်းများကိုမဆို၊ တိုက်ရိုက် ဘာသာပြန်ဆိုခြင်း၊ သို့မဟုတ် နိုင်ငံခြားစာအုပ်ကို မှီငြမ်းပြု၍၊ စာအုပ်၊ သို့မဟုတ်ကျမ်းတစောင် ဖြစ်အောင်ပြုစုရမည်။

### ကော်မရှင်၏လုပ်ထုံးလုပ်နည်းများ။

၄။ ။(၁) ကော်မရှင်သည်၊ မိမိ၏တာဝန်ဝတ်တရားများကို၊ ငြိမ်းမြောက် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ——

(က) လိုအပ်လျှင် လိုအင်သလို၊ ကော်မီတီများကို ဖွဲ့စည်း၍ဆောင်ရွက် နိုင်သည်။

(ခ) ဘာသာပြန်စာပေဗိမာန်ကရင်း၊ တက္ကသိုလ်များကရင်း၊ပညာရေးဌာနကရင်း၊ ယဉ်ကျေးမှုဌာနကရင်း၊ အခြားအဖွဲ့အစည်းများကရင်း၊ထုတ်ပြန်ထားသောစာအုပ်များကို၊ လိုအပ်သလိုအသုံးပြုနိုင်သည်။

(ဂ) တက္ကသိုလ်များ၊ ပညာရေးဌာန၊ ယဉ်ကျေးမှုဌာနနှင့် အစိုးရအခြားဌာနများကဖွဲ့စည်းထားသောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍၊ မိမိ၏ ပေပ်ငန်းကို ဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂလိကပိုင် ထုတ်ဝေပြီးသော စာအုပ်များကို၊ လိုအပ်လျှင်၊မူပိုင်ဝယ်ယူ၍၊ လိုအပ်သလိုအသုံးပြုနိုင်သည်။

(င) ကော်မီတီများမှတဆင့်၊မည်သည့်ပုဂ္ဂိုလ်ကိုမဆို လိုအပ်သလိုအခကြေးငွေပေး၍၊ စာပေပြုစုခြင်း၊ သို့မဟုတ် ဘာသာပြန်ဆိုခြင်းများပြုလုပ်စေနိုင်သည်။

(၂) ဤဥပဒေတွင်ဖြစ်စေ၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများ၊သို့မဟုတ် ထုတ်ဆင့်သည့် ညွှန်ကြားချက်များတွင်ဖြစ်စေ၊ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းမှတပါး၊ အခြားလုပ်ထုံးလုပ်နည်းများကို ကော်မရှင်က အစိုးရ၏ သဘောတူညီချက်ဖြင့်သာ လိုက်နာရမည်။

## ကော်မရှင်၏အခွင့်အရေးနှင့်အာဏာများ။

၅။ ။(၁) ကော်မရှင်၏ အခွင့်အရေးနှင့် အာဏာများမှာ၊ အောက်ပါအတိုင်းဖြစ်စေရမည်။

(က) ကော်မရှင်က ကြီးကြပ်ပြုစုသော အဘိဓါန်ကျမ်းနှင့်စာစောင်များသည်၊ အစိုးရ၏ မူပိုင်ဖြစ်ရမည်။

(ခ) ကော်မရှင်က ပြုစုထုတ်ပြန်သော ရေးထုံးကျမ်းသည်၊ အစိုးရ ရုံးသုံး စံ ကျမ်းဖြစ်ရမည်။

(ဂ) ကော်မရှင်က ပြုစုထုတ်ပြန်သော ဝေါဟာရ များသည်၊ အစိုးရရုံးသုံး စံ ဝေါဟာရ များဖြစ်ရမည်။

(ဃ) ကော်မရှင်က ပြုစုထုတ်ပြန်သော မြန်မာအဘိဓါန်သည်၊ အစိုးရရုံးသုံး စံ အဘိဓါန်ဖြစ်ရမည့်ပြင်၊အဘိဓါန်ပါစကားလုံးများ၏ အဓိပ္ပါယ်များသည်၊ တရားဝင် မှုမှန်အဓိပ္ပါယ်များ ဖြစ်ရမည်။

(၂) ကော်မရှင်သည်၊မိမိ၏အခွင့်အရေးများနှင့်၎င်း၊အာဏာများနှင့်၎င်း၊ စပ်လျဉ်း၍၊ လိုအပ်သည်ဟုမြင်သည့်အတိုင်း၊ဤဥပဒေ၊သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ၊ ညွှန်ကြားချက်များ ထုတ်ဆင့်နိုင်သည်။

## ကော်မရှင်၏ ဘဏ္ဍာရေး။

၆။ ။ကော်မရှင်သည်၊ မိမိ၏ ဝင်ငွေ ထွက်ငွေများနှင့် စပ်လျဉ်း၍၊ အခြားအစိုးရဌာနများနည်းတူ၊ ရ-သုံးမှန်းခြေငွေစာရင်းကို အစိုးရထံ တင်သွင်းရမည်။

၇။ ။ကော်မရှင်သည်၊ မိမိ၏ ဝင်ငွေအားလုံးကို၊ အစိုးရ ငွေစာရင်းသို့ ရငွေအဖြစ်ထည့်သွင်းရမည်။

၈။ ။ကော်မရှင်သည်၊ မိမိ၏အသုံးစရိတ်များကို၊ အခြားအစိုးရဌာနများနည်းတူ၊ ငွေစာရင်းမင်းကြီးထံ၊ ငွေတောင်းခံလွှာများတင်သွင်း၍၊ ထုတ်ယူသုံးစွဲရမည်။

## အထွေထွေ။

၉။ ။အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အထမြောက်အောင် ဆောင်ရွက်နိုင်ရန်၊ အမိန့်ကြော်ငြာစာဖြင့် နည်းဥပဒေများပြုနိုင်သည်။